**လေးစားရပါသော ကရင်အမျိုးသားများသို့**

ကျနော် ကိုယ်ကျနော်မိတ်ဆက်ပါရစေ။ ကျနော် ဟာ ဒီကေဘီအေ မှာ ထိပ်ပိုင်းတာဝန်ယူရတဲ့ သူတဦးဖြစ်ပါတယ်။ ကျနော်အခု တင်ပြ ပြောပြချင်တဲ့ အချက်ကတော့ ကျနော်လုံးဝမခံစားနိုင်တော့လို့ ရင်ဖွင့်ရခြင်း ဖြစ်ပါတယ်။

ကျနော်ဟာ ဟိုး ဒီကေဘီအေ စဖြစ်ကတည်းက ဒီကေဘီအေထဲမှာစပြီး ပါဝင်တဲ့လူဖြစ်ပါတယ်။ ဒီကေဘီအေ စစဖြစ်ခြင်း တကယ်ဘဲ ကျနော်လည်းထင်ခဲ့မိတယ်။ ကေအဲန်ယူ ဟာ ဘာသာရေး ခွဲခြားပြီး သူတို့(ခရစ်ယာန်) နဲ့ မတူတဲ့ ဘာသာရေး ကိုးကွယ်တဲ့လူတွေကို ကေအဲန်ယူထဲမှာ ကြီးမားတဲ့ရာထူး ကြီးမားတဲ့တာဝန်တွေ မပေးခဲ့ဘူး ဆိုတဲ့အမြင်ကို ယုံခဲ့မိတယ်၊ **စစ်အုပ်စုကလည်း ၁၉၉၄ ခုနှစ် ဒီကေဘီအေ ပြန်ဆင်းလာခဲ့ မယ်ဆိုရင် (၁)နှစ်အတွင်း သူတို့တပ်တွေရုပ်သိမ်းပြီးတော့ ကရင်ပြည်နယ် အသိအမှတ် ပြုပေးပြီး အုပ်ချုပ်ရမယ်တဲ့။** ကျနော်လည်း တော်တော်ပျော်သွားတယ်။ ကျနော်တို့လိုချင်တာကလည်း လွတ်လပ်တဲ့ ကရင်ပြည်နယ်နဲ့ မိမိတို့ခေါင်းဆောင်တွေနဲ့ အုပ်ချုပ်ရမယ်၊ နေရမယ်ဆိုပြီး အရမ်းကို ဝမ်းသာသွားတယ်။

ဒီအတွက်နဲ့ဘဲ ကေအဲန်ယူရဲ့ ဌာနချုပ် မာနယ်ပလောကို တိုက်ဖို့အတွက် ကျနော်တို့ဟာ ဗိုလ်ချုပ်မောင်လှ ရဲ့ဗမာတပ်တွေနဲ့ပေါင်းပြီး လမ်းပြအဖြစ်ထိပ်တိုက်မှာ ကျနော်တို့ပါဝင်ခဲ့တယ်။ ကေအဲန်ယူဟာ ကျနော်တို့ကို မပစ်ဘဲ သူတို့ရဲ့ မာနယ်ပလော ဌာနချုပ်ကို လွယ်လွယ်ဘဲ ဆုတ်ပေး လိုက်တယ်။ နောက်ပိုင်း ကျနော်သေသေချာချာ ပြန်စဉ်းစားမိတော့ **(ကေအဲန်ယူဟာ ကရင်အမျိုးသား တွေဖြစ်တဲ့ ကျနော်တို့ကို မပစ်ဘဲနေတာဖြစ်တယ်၊ ကရင် ကရင်ခြင်း မသတ်ဖြတ်ချင်တဲ့သဘောဖြစ်တယ်။)**

အဲဒီနောက်ပိုင်း ကျနော်တို့ ဒီကေဘီအေဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဝင့်ကြွားလာတယ်။ ဗမာ တပ်ဗိုလ်တွေကလည်း ကျနော်တို့တပ်တွေအင်အားကောင်းလာဖို့ စီးပွားရေးလုပ်ပိုင်ခွင့်တွေကို ခေါင်းဆောင်ပိုင်းတွေ အပေါ်ပေးလာတယ်။ **အါဝါဒေး** တွေကို ကိုယ့်ရပ်ကိုယ့်ရွာ  အဆင့်မှာဘဲ ကြိုက်တဲ့နေရာ မှာ လုပ်လို့ရအောင် ဗမာတပ်တွေက ကျနောတို့ကို လုပ်ခွင့်ပေးတယ်။ မသိရင်တော့ ကျနော်တို့ဟာ ဗမာတွေပြောထားတဲ့ (၁)နှစ်အတွင်း ကရင်ပြည်ပေးမယ်ဆိုတာ အါဝါဒေး ကိုဘဲပေးသလားပေါ့၊ မသိရင်တော့ ကရင်ပြည်နယ်အတွင်းမှာ ကျနော်တို့ ဒီကေဘီအေဟာ ဘာမဆိုလုပ်ပိုင်ခွင့် ရနေသယောင် ရှိနေတယ်ပေါ့၊ အာဏာနှင့်လုပ်ပိုင့်ခွင့် အပြည့် ရှိတယ်ပေါ့။ ဒါပေမဲ့ ကျနော်တို့ရဲ့အာဝါဒေးရဲ့ အကျိုးရလာဒ်ဟာ ကျနော်တို့ ကရင်ပြည်သူတွေ လောင်းကစား တတ်လာတယ်၊ မူးယစ်ဆေးဝါးတွေသုံးစွဲလာတယ်၊ အကြွေးတွေ သိန်းနှင့်ချီပြီး တင်နေကြတယ်။ မူးယစ်ဆေးဝါး ရောင်းဝယ် ဖေါက်ကားမှုတွေကလည်း ကရင်ပြည်နယ်အတွင်းမှာ စျေးရောင်း သလိုဘဲဖြစ်နေတယ်။ ဒါလား ကျနော်တို့ ရဲ့ လွပ်လပ်တဲ့ကရင်ပြည်၊ လွပ်လပ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တဲ့လား၊ ကျနော်စဉ်းစားရင်း အရမ်းကိုရင်နာတယ်။

နောက်(၂၀၀၄)ခုနှစ်မှာ ဗိုလ်ခင်ညွန့်ပြုတ်ပြီးနောက်ပိုင်း ကျနော်တို့ပြည်နယ်မှာ ဗမာတွေကားလိုက် သိမ်းတယ်၊ ကျနော်တို့ ဘာမှ မကူညီနိုင်ဘူး။ကျနော်တို့ကရင်ပြည်သူတွေတော်တော်ထိသွားတယ်။ မြိုင်ကြီးငူ အတွက်ကတော့ နည်းနည်းရလိုက်တာဘဲရှိတယ်။

နောက်(၂၀၀၆)ခုနှစ်မှာ ဗမာတွေဟာ နေပြည်တော်ကို ပျဉ်းမနားကြပ်ပြေးမှာ တည်တဲ့အချိန် ကြပ်ပြေးနဲ့ အနီးအနားမှာရှိတဲ့ရွာတွေကို လူမနေရရေိယာဖြစ်သွားအောင် နယ်မြေရှင်းလင်းရေးထိုးစစ်မှာ ကျနော်တို့ ကရင်ပြည်သူတွေအနေများတဲ့ တောင်ငူ၊ညောင်လေးပင် ဒေသ ရှင်းလင်းသုတ်သင်ရေးမှာလည်း ကျနော်တို့ဟာ ကျနော်တို့ရဲ့ ကရင်ပြည်သူတွေကို ဘာမှမကူညီပေးနိုင်ဘူး။ ဒါလား ကျနော်တို့ ဒီကေဘီအေ ဟာ ကရင်အမျိုးသားရေး အတွက်ဖြစ်တယ်ဆိုတာ ဘာနဲ့သက်သေပြလို့ရမှာလဲ။

နောက်တခုက ဗမာတပ်ဗိုလ်တွေဟာ ကျနော်တို့ ဒီကေဘီအေ တွေကို ဘာသာရေးတပ်အဖြစ်နဲ့ ဖြစ်အောင်ဖန်တီးထားတာကလည်း ကမ္ဘာမှာ တခါမှမရှိခဲ့ဘူးသေးတဲ့ တခုတည်းသော ဘာသာရေး လက်နက်ကိုင်တပ်ဖြစ်ခဲ့အောင် ကရင်တွေရဲ့ သမိုင်းမှာ လုံးဝကိုမဖြစ်သင့်တဲ့ သမိုင်းအမဲစက်ကြီးကို ကျန်ရစ်ခဲ့အောင် ဖန်တီးခဲ့တာဘဲ။ ဒါကို ကျနော်တို့ ဒီကေဘီအေ ကလက်ခံခဲ့တယ်တဲ့လား၊ ကျနော်လည်း လုံးဝကိုစဉ်းစား မရနိုင်အောင်ဖြစ်ခဲ့တယ်။ **ဗမာစစ်ဗိုလ်တွေကတော့ပြောတယ် မင်းတို့ ဒီကေဘီအေ တပ်ဟာ ဘာသာရေးကို အခြေခံတဲ့တပ်ဖြစ်တဲ့အတွက် နိုင်ငံတော်က စဉ်းစားပေးမယ်တဲ့၊ ကျနော်တို့အတွက် ဘာကို စဉ်းစားပေးမယ်ဆိုတာ စဉ်းစားလို့မရဘူး။**

နောက် ကျနော်တို့ ဒီကေဘီအေအတွက် အရှက်ဆုံးအရာက **(၂၀၀၇)ခုနှစ် စက်တင်ဘာလမှာ ဗမာစစ်တပ်တွေက ရဟန်းသံဃာတွေကို ပစ်ခတ်ရိုက်နှက်သတ်ဖြတ်တဲ့အချိန်မှာ မြန်မာပြည်တခုလုံးမှာရှိတဲ့ ပြည်သူတွေကော တကမ္ဘာလုံးမှာရောက်ရှိနေကြတဲ့ မြန်မာပြည်သူပြည်သားတွေဟာ ကျနော်တို့ ဒီကေဘီအေ ကိုလှမ်းမေးတယ်၊ ဘာသာရေး သာသနာရေး ကို လုပ်ဆောင်ပေးနေတဲ့ ဒီကေဘီအေ စစ်တပ်တွေ ရဟန်းသံဃာတွေကို ပစ်ခတ်သတ်ဖြတ်နေတဲ့အချိန်မှာ သာသနာတော်အတွက် ရဟန်းသံဃာတွေအတွက် ဘာမှမကာကွယ်ပေးဘူးလားတဲ့။** အဲဒီအချိန်တုန်းကဆိုရင် ဒီကေဘီအေ တွေရဲ့ မျက်နှာဟာ လုံးဝ မျက်နှာပြမရဲတော့လောက်အောင် အိမ်တွင်းပုန်းနေခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကေဘီအေ လို့အမည်ခံထားတဲ့ စစ်တပ်ဟာ ဘာသာရေးနဲ့သာသနာရေးအတွက်ဖြစ်တယ်၊ ကရင်ပြည်သူတွေအတွက်ဖြစ်တယ်။ **ကရင်ပြည်သူတွေအတွက်ကတော့ထားပါတော့၊ ဘာသာရေးနဲ့ သာသနာရေးအတွက်ဆိုတော့ ရဟန်းသံဃာတွေကို ဗမာတွေ ပစ်ခတ်သတ်ဖြတ်နေချိန်မှာ ဒီကေဘီအေ က ဘာမှကို မကူညီပေးနိုင်ခဲ့ဘူး၊ ဗမာတို့ရဲ့ သတ်ဖြတ်ခြင်း ခံရတဲ့ ရဟန်းသံဃာတွေဘက်အတွက်လည်း ဗမာတွေ သတ်လို့မရအောင် မဟန့်တားပေးနိုင်ခဲ့တဲ့အပြင်၊ လိုအပ်ရင် ရဟန်းသံဃာတွေကို အပြတ်ရှင်းဖို့ ဒီကေဘီအေ ကို ဗမာတွေအမိန့်တွေထပ်ပေးလာလို့ ကျနော်တို့ဘာလုပ်ရမယ်မှန်းမသိတော့လောက်အောင် ဖြစ်ခဲ့ရတယ်။** ကျနော်တို့အတွက် အိပ်မက်ဆိုးတွေ ခြောက်လှန့်တဲ့ ကာလဖြစ်ခဲ့တယ်ပေါ့။ ဒါတဲ့လား ဒီကေဘီအေ ဆိုတာ အမျိုးဘာသာ သာသနာအတွက် ဆိုတာ။

အခုနောက်ဆုံး (၂၀၁၀) ရွေးကောက်ပွဲပြီးရင် နိုင်ငံတခုမှ တခုတည်းသော တပ်မတော်အောက်မှာဘဲ လက်နက်ကိုင်တပ်ဖွဲ့ကိုထားရှိမယ်တဲ့၊ ဗမာစစ်ဗိုလ်တွေ နေပြည်တော်ရဲ့အမိန့်နဲ့လာပြီး ကျနော်တို့ ဒီကေဘီအေကို လာချပြတယ်။ ဆွေးနွေးတာမဟုတ်ဘူး ချပြတာဖြစ်တယ်။ **လက်နက်ကိုင်ချင်ရင် နယ်ခြားစောင့်တပ်အဖြစ် တပ်မတော်ရဲ့လက်အောက်ခံအနေနဲ့ လုပ်ပေါ့၊ တပ်ရင်းတရင်းမှာ ဗမာစစ်တပ်က လုပ်တတ်ကိုင်တတ်တဲ့ စစ်ဗိုလ်အရာရှိတွေ(၃၀)ယောက်လည်း လာကူပေးအုံးမယ်တဲ့၊ လခ ကိုတောင် ပေးလိုက်အုံးမယ်တဲ့။ လခပေးတဲ့နောက်တော့ လခစားဖြစ်တဲ့နောက်တော့ ဒီကေဘီအေဟာ ဗမာကြေးစားတပ်လုံးလုံးဖြစ်ပြီးပေါ့။** လုပ်မလား မလုပ်ဘူးလားပေါ့၊ ဖိအားပေါ့။ ဒါဆို ဒီကေဘီအေဆိုတာ ဘာဖြစ်သွားမလဲပေါ့။ နောက်ပြီး သူတို့က ထပ်ပြောပြလိုက်သေးတယ် **ကျနော်တို့ ဒီကေဘီအေကို ဘာသာရေးတပ်မတော် ဖြစ်တဲ့အတွက် စဉ်းစားပေးတာတဲ့။**

အဲဒီမှာ ကျနော်တို့ ဒီကေဘီအေ ခေါင်းဆောင်တွေပြသာနာကောင်းကောင်းတက်တော့တာဘဲ၊ တဖက်မှာ ဗိုလ်ခင်ညွန့်ကောင်းစားခဲ့စဉ် လုပ်ထားခဲ့တဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ခဲ့မှု၊ မှောင်ခိုရောင်းဝယ်ခဲ့မှု မှတ်တမ်းမှတ်ရာတွေဟာ နေပြည်တော်ရဲ့ ထောက်လှမ်းရေးဖိုင်ထဲမှာ နာမည်တွေက လျှောက်လွှာစာရွက် အပြည့်ဆိုတော့ လက်မခံရင် ထွက်ပြေးပေါ့၊ ထွက်ပြေးဖို့ကလည်း စည်းစိမ်ဥစ္စာတွေက စွန့်ပစ်လို့မရနိုင်အောင် မဖြစ်နိုင်အောင် ရှိပြီးဖြစ်တဲ့အတွက် လုံးဝကိုဆုတ်လမ်းမရှိတော့ဘူးပေါ့၊ အဲဒီလိုဖြစ်နေအောင် ဗမာစစ်ဗိုလ်တွေ က လုပ်ပိုင်ခွင့်တွေ ပေးခဲ့တယ်ဆိုတာ အခုမှ သဘောပေါက်တော့တယ်၊ ဆုတ်လဲစူး စားလဲရူးပေါ့၊ လက်အောက်ငယ်သားကတော့ လုံးဝကိုလက်မခံနိုင်ဘူးပေါ့၊ ပြောတော့ စောဘဦးကြီးရဲ့ မူကို လက်ကိုင်ထားတယ် အခုဘာဖြစ်လို့ ဗမာစစ်တပ်ဖြစ်သွားရတာလဲတဲ့၊ ကျနော်တို့ ဘာမှပြန်မဖြေနိုင်ခဲ့ဘူး။

အဲဒါတွေကြောင့် ကျနော်ဟာ ဒီကေဘီအေ ရဲ့ တကယ့်လက်ရှိ အဖြစ်မှန်တွေကို ဖေါ်ထုတ်ဖို့သင့်ပြီးလို့ ကျနော်ယူဆခဲ့လို့ အခုလိုရင်ဖွင့်ရခြင်းဖြစ်ပါတယ်။ ကေအဲန်ယူ အတွက် ကျနော်ကျေးဇူး ပြန်ဆပ်လို့ရတဲ့ တခုတည်းသောနည်းလမ်းနဲ့ ကျေးဇူးဆပ်ခွင့် ရတဲ့အတွက် ကျနော်ကိုယ်ကျနော် နောက်ဆုံး ဂုဏ်ယူတယ်၊ ကျနော်လည်း အသက်ကြီးပြီး၊ သိသွားတော့လည်း သူတို့သတ်လို့ သေရုံမှတပါး အခြားကို မျှော်လင့်မထားဘူး။ **ဒါဟာ ကျနော့်ရဲ့ ကရင်အမျိုးသားတွေအပေါ် မှားခဲ့တဲ့ ကျနော်ရဲ့ လုပ်ဆောင်မှု တွေအတွက် အကြွေးကို ပြန်ဆပ်ပေးလိုက်တယ်လို့ဘဲ ကျနော်ခံယူတယ်၊ နောက်ဆုံး မေလ(၇)ရက်နေ့မှာ ဒီကေဘီအေ ရဲ့ အနာဂါတ် ပုံဖေါ်ပွဲ အစည်းအဝေးမှတ်တမ်းကို ကျနော် အသိပေးလိုက်ပါတယ်။** ဒါဟာ အခု နယ်ခြားစောင့်တပ်ဖြစ်စေဖို့ ကရင်ပြည်နယ်ကျေးရွာတွေမှာ ဒီကေဘီအေ စစ်သားသစ်မဖြစ်မနေ လုပ်ရမဲ့ကိစ္စတွေ၊ တပ်မဟာ(၇)ကို ဝင်ရောက်တိုက်ခိုက်ရတဲ့ အဖြစ်မှန်တွေကို သိရမှာဖြစ်ပါတယ်။ ကျနော်ကိုနားလည်ခွင့်လွှတ်ပေးကြပါလို့ ဦးညွှတ်တောင်းပန်ရင်း ကေအဲန်ယူ ရဲ့ ကရင်အမျိုးသား လွတ်မြောက်မှုတိုက်ပွဲ တော်လှန်ရေး အောင်မြင်ပါစေ – ဒီစာကိုရရှိတဲ့သူများ ဆက်လက်ဖြန့်ဝေစေချင်ပါတယ်။

**ကရင်အမျိုးသားများကို တောင်းပန်ခြင်းများစွာဖြင့်–**

**ဒီကေဘီအေ ခေါင်းဆောင်တဦး ၊ မြိုင်ကြီးငူ၊ (ဇွန်လ–၁၇ ရက်၊၂၀၀၉ ခုနှစ်)။**